The Elders

**သတင်းမီဒီယာသို့ အသိပေး ကြေငြာချက်-**

**ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့ မြန်မာနိုင်ငံသို့ စက်တင်ဘာ၂၄ရက်မှ၂၆ ရက်အတွင်း လာရောက်လည်ပတ်မည်။**

**ရန်ကုန်တွင် စက်တင်ဘာ ၂၆ ရက်ကြာသပတေးနေ့၌ သတင်းစာရှင်းလင်းပွဲတရပ်ပြုလုပ်မည်။**

**၂၀၁၃ ခု၊စက်တင်ဘာ ၂၄ ရက်။**

**သတင်းမီဒီယာသို့ အသိပေးကြေငြာချက်**

***သိရှိရန်သက်သက်သာဖြစ်ပြီး ပုံနှိပ်ဖြန့်ချီရန် မဟုတ်ပါ။***

**စက်တင်ဘာ၂၄ရက်နေ့ ၊အင်္ဂါနေ့တွင်ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့(TheElders) မှ အဖွဲ့ဝင်အချို့သည် မြန်မာပြည်သို့ ၃ရက်တာ ခရီးစတင်မည်ဖြစ်ပြီး ရန်ကုန်နှင့် နေပြည်တော်သို့ လှည့်လည်သွားလာကြမည် ဖြစ်သည်။**

**မြန်မာပြည်သို့ လာရောက်လည်ပတ်ကြမည့် ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့ဝင်များမှာ -**

- ဂျင်မီကာတာ၊ အမေရိကန်သမ္မတဟောင်း၊ နိုဘယ်ငြိမ်းချမ်းရေးဆုရှင် - အဖွဲ့ခေါင်းဆောင်

- မာတီ အာတီဆာရီ၊ ဖင်လန်နိုင်ငံ သမ္မတဟောင်း၊

- ဂရို ဟာလမ် ဘရန့်တ်လန်း၊ နော်ဝေးနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ၊ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်

ညွှန်ကြားရေးမှူးချုပ်ဟောင်း-(ဒုဥက္ကဋ္ဌ)

ကမ္ဘာ့ရပ်မိရပ်ဖအဖွဲ့ဝင်များသည် မြန်မာအစိုးရအဖွဲ့၏ အဆင့်မြင့်အရာရှိကြီးများနှင့် သီးသန့် တွေ့ဆုံကြမည် ဖြစ်ပြီး အခြားနိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးအဖွဲ့အစည်းများအပါအဝင် အရပ်ဖက်အဖွဲ့အစည်းများနှင့်လည်းတွေ့ဆုံမည်ဖြစ်သည်။

၄င်းတို့လာရောက်ရသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ နိုင်ငံရေးအရ ဒီမိုကရေစီအသွင်ကူပြောင်းရေးကို ပံ့ပိုးကူညီရန်၊ အစိုးရနှင့် လက်နက်ကိုင်တိုင်းရင်းသားအုပ်စုများအကြား ငြိမ်းချမ်းရေးဖြစ်စဉ်ကို တိုက်တွန်းအားပေးရန် နှင့် မိမိလူမှုအသိုင်းအဝိုင်းအတွင်း အချင်းချင်းပြေလည်အောင် ကြိုးစား ညှိနှိုင်း အဖြေရှာရေးအတွက် ကူညီရန်တို့ ဖြစ်သည်။

**သတင်းမီဒီယာသမားများ နှင့်တွေ့ဆုံရန် အခွင့်အရေး**

၂၀၁၃ခု၊စက်တင်ဘာ ၂၆ ရက်၊ကြာသပတေးနေ့

မြန်မာစံတော်ချိန်၁၃:၃၀(ဂရင်းနစ်စံတော်ချိန် 07;00) ရန်ကုန်မြို့တွင်သတင်းမီဒီယာများနှင့်တွေ့ဆုံပွဲ

နေရာ။ ကမ်းနားဟိုတယ်(စထရင်းဟိုတယ်)Grill Room

သတင်းထုတ်ပြန်ကြေငြာချက်ကို သတင်းမီဒီယာများ တွေ့ဆုံပွဲအချိန်အတွင်း ထုတ်ပြန်ဖြန့်ဝေပါမည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လိုသည့်သတင်းစာဆရာများ ဂရုပြုရန်အရေးကြီးအချက်များ

- **ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့၏ အစီအစဉ်များ အပြောင်းအလဲရှိကောင်းရှိနိုင်ပါသည်။ အချိန်နှင့်တပြေးညီ သိရှိနိုင်ရန်အတွက်** rose-swe@mango.com.mm သို့ အီးမေးလ်ပို့နိုင်ပါသည်။ သို့မဟုတ် MANGO ဖုန်းနံပါတ် 512884 (သို့) 09 4500 54200 သို့ ဆက်သွယ်ပါ။
- မီဒီယာကိုယ်စားပြုတက်ရောက်သူများ လုံခြုံရေးစစ်ဆေးခံရန်အတွက် (၁)နာရီ ကြိုတင်လာရောက်ပါရန်နှင့် မိမိတို့၏မှတ်ပုံတင်၊သက်သေခံကဒ်ပြားများယူဆောင်လာပါရန်။
- ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့မှ အင်တာဗျူးတွေ့ဆုံခွင့်မပေးပါ။

သတင်းမီဒီယာနှင့်ပါတ်သက်**၍**မေးမြန်းလိုလျှင်

မီဒီယာအရာရှိ Elliott Fox, The Elders: media@theElders.org/T+ 95 9 430 52557(Myanmar)

Aye Hnin Swe (Rose), Mango Media, rose-swe@mango.com.mm / T +95 (0)9 4500 54200

သို့မေးမြန်းနိုင်ပါသည်။

## ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့အကြောင်းသိကောင်းစရာ

**ကမ္ဘာ့ရပ်မိရပ်ဖ**များအဖွဲ့သည် ၂၀၀၇ ခုနှစ်တွင် နယ်လဆင် မန်ဒဲလားမှ စုစည်းပေးလိုက်သော လွတ်လပ်သော ခေါင်းဆောင်များ အဖွဲ့ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းလုံးတွင် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးများအတွက် ၎င်းတို့အားလုံး၏ အတွေ့အကြုံများနှင့် ဩဇာလွှမ်းမိုးမှုတို့ကို အသုံးပြုပေးသူများဖြစ်ပါသည်။

လက်ရှိ အဖွဲ့ဝင်များမှာ -

- မာတီ အာတီဆာရီ၊ ဖင်လန်နိုင်ငံ သမ္မတဟောင်း၊
- ကိုဖီ အာနန်၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေ အတွင်းရေးမှူးချုပ် (ဥက္ကဋ္ဌ)
- အယ်လာ ဘတ်၊ အိန္ဒိယနိုင်ငံ ကိုယ်ထူကိုယ်ထ လုပ်ငန်းရှင် အမျိုးသမီးများအသင်း တည်ထောင်သူ၊
- ဘက်ခ်ဒါ ဘရာဟီမီ၊ အယ်လ်ဂျီးရီးယားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဟောင်း၊
- ဂရို ဟာလမ် ဘရန့်တ်လန်း၊ နော်ဝေးနိုင်ငံ ဝန်ကြီးချုပ်ဟောင်း (ဒုဥက္ကဋ္ဌ)
- ဖာနန်ဒို အွန်နရီကေး ကာရ်ဒိုစို၊ ဘရာဇီးနိုင်ငံ သမ္မတဟောင်း၊
- ဂျင်မီ ကာတာ၊ အမေရိကန် သမ္မတဟောင်း၊
- ဟီနာ ဂျီလာနီ၊ ပါကစ္စတန်နိုင်ငံမှ နိုင်ငံတကာ လူ့အခွင့်အရေး ကာကွယ်သူ၊
- ဂရာစာ မာချယ်၊ မိုဇမ်ဘစ်နိုင်ငံ ပညာရေး ဝန်ကြီးဟောင်း
- မာရီ ရော်ဘင်ဆန်၊ အိုင်ယာလန်နိုင်ငံ သမ္မတဟောင်း၊
- အာနက်စတို ဇေဒီးလို၊ မက္ကဆီကိုနိုင်ငံ သမ္မတဟောင်း၊

နယ်လ်ဆင် မန်ဒဲလားနှင့် ဒက်စ်မွန် တူးတူးတို့သည် ဂုဏ်ထူးဆောင် အဖွဲ့ဝင်များ ဖြစ်ပါသည်။

ကမ္ဘာ့ရပ်မိရပ်ဖအဖွဲ့ဝင်များ၏ကိုယ်ရေးအထုပ္ပတ္တိ၊ ဘလော့ဂ်၊ ဓါတ်ပုံ၊ ဗီဒီယိုနှင့် သူတို့၏ အခြားလုပ်ဆောင်ချက်များကို သိရှိလိုပါလျှင် www.theElders.org. သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ The Elders ကို Twitter နှင့် Facebookများတွင် လေ့လာနိုင်ပါသည်။

## မြန်မာပြည်သို့လာရောက်မည့်ကမ္ဘာ့ရပ်မိရပ်ဖများ

### ဂျင်မီကာတာ - အဖွဲ့ခေါင်းဆောင်

ဂျင်မီကာတာသည် အမေရိကန်ပြည်ထောင်စုနိုင်ငံ၏ ၃၉ဦးမြောက် သမ္မတဖြစ်သည်(၁၉၇၇-၁၉၈၁)။ သူ၏စွမ်းဆောင်ချက်များတွင် အီဂျစ်နှင့်အစ္စရေးတို့အကြား ဒေးဗစ်စခန်းငြိမ်းချမ်းရေးသဘောတူညီချက် ကြားဝင်စေ့စပ်ညှိနှိုင်းပေးခြင်း၊ အမေရိကန်နှင့်တရုပ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန် ဆက်ဆံရေး ထူထောင်ခြင်း တို့ပါဝင်သည်။ ၁၉၈၂ခုနှစ်တွင် ကမ္ဘာတဝှမ်းငြိမ်းချမ်းရေးနှင့် ကျန်းမာရေးတိုးတက်လာစေရန် ဆောင်ရွက်သည့် "ကာတာစင်တာ"ကို စတင်တည်ထောင်ခဲ့သည်။ သူ၏မဓမ္မပန်းနိုင်သော ဖွဲလုံ့လဖြင့် ကမ္ဘာအရပ်ရပ်မှ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့်အဖြေရှာခြင်း၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေး

တိုးတက် မြင့်မားလာစေခြင်းနှင့် စီးပွားရေးလူမှုရေးဖွံ့ဖြိုးတိုးတက်အောင် မြေတောင်မြှောက် ကူညီခဲ့ခြင်းတို့အတွက်နိဘယ်လ်ငြိမ်းချမ်းရေးဆုကို၂၀၀၂ခုနှစ်တွင်ချီးမြှင့်ခြင်းခံခဲ့ရပါသည်။

**မာတီ အာတီဆာရီ-** မာတီအာတီဆာရီသည် ဖင်လန်နိုင်ငံ၏သမ္မတဟောင်းဖြစ်သည်(၁၉၉၄-၂၀၀၀)။ ကျော်ကြားထင်ရှားသော တိုင်းပြည်ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ကမ္ဘာကလေးစားရသောသံတမန်တစ်ဦး၊ ငြိမ်းချမ်းရေးစေ့စပ်ညှိနှိုင်းသူလည်းဖြစ်သည်။ အာချေး၊ ကိုဆိုဗို၊ အိုင်ယာလန်မြောက်ပိုင်းတို့၏ ပဋိပက္ခများကို အဆုံးသတ်စေမည့် ဆွေးနွေးညှိနှိုင်းပွဲများတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။ ဂါရင့်သံတမန်တစ်ဦးအနေဖြင့် နမီးဘီးယားလွတ်လပ်ရေးရရန်အတွက် ကူညီခဲ့ရာ ဂုဏ်ထူးဆောင်နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်း ခံရသည်။ဆယ်စုနှစ်သုံးခုမကသောအချိန်များအတွင်း ကမ္ဘာ့တိုက်ကြီးအသီးသီး၏ တိုင်းပြည် များမှ ပဋိပက္ခများကို ဖြေရှင်းရာတွင် သူ၏အရေးပါသော ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် သူ့အား ၂၀၀၈ခုနှစ် ဒီဇင်ဘာတွင် နိဘယ်လ်ငြိမ်းချမ်းရေးဆုကို ပေးအပ်ခဲ့ပါသည်။သူသည် CMI (Crisis Management Initiative) ကနဦး အဓိကရုဏ်း ထိန်းသိမ်းစီမံကွပ်ကဲရေးအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည်။

**ဂရို ဟာလမ် ဘရန့်တ်လန်း** - ဆရာဝန်တစ်ဦးဖြစ်ပြီး ၁၉၈၁ မှ ၁၉၉၆ ခုနှစ်အတွင်းအစိုးရအဖွဲ့ခေါင်းဆောင်အဖြစ် ၁၀နှစ်တာအမှုထမ်းခဲ့ကာ နော်ဝေနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်၏ ဥက္ကဋ္ဌဖြစ်သည်။ ဘရန့်တ်လန်းကော်မရှင်ဟုသိကြသည်။ ပထမဆုံး ကမ္ဘာ့အဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးမူကို ချမှတ်ခဲ့သော ကော်မရှင်ဖြစ်သည်။ ၁၉၉၈ မှ ၂၀၀၃ ခုနှစ်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ရာသီဥတုပြောင်းလဲမှုအတွက် ကုလသမဂ္ဂ၏ အထူးကိုယ်စားလှယ်အဖြစ် ၂၀၀၇ မှ ၂၀၁၀ အထိ ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ မှ ၂၀၁၂ အထိ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ကမ္ဘာမြေ ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ဝင်အဖြစ်ဆောင်ရွက်ခဲ့သည်။